လိန်တောကျေးရွာ
လိန်တောကျေးရွာအုပ်စု၊ ရေဦးမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လိန်တောကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေဦးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မတ်လ၊ ၂၀၁၉

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

လိန်တောကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်လိန်တော ကျေးရွာအုပ်စု၊ ရေဦးမြို့နယ်အနောက်မြောက်ဘက်၊ ရေဦး-တမာတောဆက်သွယ်ဖောက် လုပ်ထားသောလမ်း

ဘေးစည်သာမြေကျေးရွာလမ်းခွဲမှအတွင်းသို့(၂)မိုင်ခန့်ဝင်ရသောနေရာတွင်တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး မိုးတွင်းကာလ မိုးများ ချိန်တွင်ကျေးရွာအလယ်လမ်းမှာမြေသားလမ်း ဖြစ်နေသည့်အတွက် ရွှံဖွက်များရှိနေ၍သွားလာရေး ခက်ခဲပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၄၀)ခန့် ရရှိသည်။မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၈၄၅)ဧက၊ ယာမြေ(၃၂)ဧကနှင့်ဥယျာဉ်ခြံ/စားကျက်မြေများလည်းရှိပြီးနွေစပါး/မိုးစပါးနှင့်ကုလားပဲတို့ကို စိုက်ပျိုးနိုင် ကြသည်။ ကျေးရွာအနီးတွင်ဆည်မှမြောင်းလက်တန်နှင့်ချောင်းရှိသောကြောင့် ရေတင်စက်များ အသုံးပြု၍ ရေသွင်းစိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင် နိုင်သည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်း ဆောင်ရွက်ကြပါသည်။အမျိုးသမီး/သားလူငယ်အဖွဲ့၊ချက်ပြုတ်ရေး**အဖွဲ့**၊ဘုန်းတော်ကြီး ကျောင်းဂေါပကအဖွဲ့၊ လျှပ်စစ်မီးလင်းရေးအဖွဲ့တို့ဖြစ်သည်။မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှာဆောင်ရွက်မှုမှာဝသဲကျေးရွာ အုပ်စုကလာရောက်ဆေးထိုးသည့်အတွက်ကိုယ်ဝန်ဆောင်မိခင်များအခက်အခဲမရှိကြောင်း တွေ့ရပါ သည်။ ကျေးရွာလူငယ် အဖွဲ့သည် ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုဝိုင်းဝန်း ဆောင်ရွက်ပါသည်။ ကျေးရွာတွင် သာရေးနာရေးလူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျင်ရွာသားများစည်းလုံးညီညွတ်စွာဝိုင်းဝန်း ဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါ သည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရ မဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့ မရှိသောလည်းသ/မချေးငွေ ရှိပြီးလျှပ်စစ်မီးမရသေးသည့်အတွက်အိမ်ခြေ(၁၀၄)ရှိသည့်အနက်(၉၇)အိမ်မှာဒီဇယ်အင်ဂျင်မီးလင်းရေးမှ(၁) လလျှင်(၄၀၀၀)ကျပ်ဖြင့်မီးသုံးစွဲကြောင်းလေ့လာတွေ့ရှိရပါသည်၊ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်း ထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်ဆောင်ရွက်ခြင်းမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။မိုးရာသီတွင်နှစ်စဉ်နွေစပါး/မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး ဖြစ်၍ မိုးရာသီတွင် မိုးစပါးနှင့် ဆောင်းရာသီတွင်လည်း ဆောင်သီးနှံများ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် မိုးစပါး စိုက်ပျိုးလယ်ကွက်များပေါ်တွင်နှမ်းနှင့်ကုလားပဲကိုလည်းသီးထပ်အဖြစ်စိုက်ပျိုးကြသည်နှစ်စဉ်ကျေးရွာမှမိုးစပါးတင်းရေ(၁၆၀၀၀) ၊ ကုလားပဲတင်းရေ(၅၀၀၀)၊ခန့်ထွက်ရှိသည်။နွေစပါးအထွက်နှုန်းမှာသွင်းအားစုပြည့်စုံစွာထည့်သွင်းပါ(၉၀) တင်းဖြစ်၍ သီးထပ်ရင် စပါးမျိုးကို အသုံးပြု စိုက်ပျိုးကြသည်။ မိုးစပါးကိုဇူလိုင်၊ ဩဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလ တွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၇၅)တင်း ဖြစ်သည်။

မိုးစပါးနှင့်ကုလားပဲတို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမား များ အကျိုးအမြတ်ရရှိမှုနည်းပြီးနွေစပါးစိုက်ပျိုးသည့်လယ်သမားများမှာအကျိုးအမြတ်များစွာရရှိပါသည်။မိရိုးဖလာစိုက်ပျိုးလာေဖာ်ပြပါသီးနှံများကိုသာစိုက်ပျိုး နိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိသော်လည်း သီးနှံထုတ်လုပ်မှုမှ ဝင်ငွေကောင်း သည့်အတွက် လူငယ်များသည် ပြင်ပသို့ ထွက်၍ ဝင်ငွေရှာကြခြင်းမရှိပါ။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာနှင့်ပေ(၁၀၀)ခန့်ဝေးသောနေရာတွင်မူလတန်းလွန်စာသင်ကျောင်းရှိပြီးကျေးရွာနှင့်(၈)မိုင်ခန့် ဝေးသောနေရာ တွင် ရှိသောရေဦးမြို့တွင် သာအထက်တန်းရှိသည့်အတွက်သွာရောက်ကျောင်းတက်ရပါသည်၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက်လည်း ရေဦးမြို့သို့ လာရောက်ရပါသည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို(၂၀၁၇)နှစ် တွင်ကိုယ်ထူကိုယ်ထမီးလင်းရေးဆောင်ရွက်ရန်ဖွဲ့စည်းခဲ့သည်။ကျေးရွာအအိမ်ထောင်စုများမှစရိတ်ထည့်ဝင်ပြီးမြို့နယ်လျှပ်စစ်ဌာန သို့တင်ပြ၍ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဆောင်ရွက်ရန်တင်ပြထားပြီးယခုအခါဒီဇယ်အင်ဂျင်မီးလင်းရေးမှ(၁)လလျှင် (၄၀၀၀)ကျပ်ဖြင့်မီးသုံးစွဲကြောင်းနှင့်ဆိုလာစနစ် သုံးစွဲနေရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများ အတွက်လိုအပ်သောချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေ ထုတ်ချေး ပြီး ပုံစံ(၇)များကိုအပေါင်ပေးထားရပါသည်။ ကာလတိုသ/မချေးငွေလည်းရှိပါသည်။

(c) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည်အခြေခံအရေး၊အဖတ်၊အတွက်တို့ကိုတတ်မြောက်ကြပြီးတက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများ လည်းရှိပါသည်ကျေးရွာတွင်မူလတန်းလွန်စာသင်ကျောင်းရှိပြီးအထက်တန်းကို**ကျေးရွာနှင့်(၈)မိုင်ခန့်ဝေးကွာ တွင်ရှိသောရေဦးမြို့သို့လာရောက်တက်ရပါသည်။**

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေခြင်း၊မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေး သူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများ အတွက် ကျန်းမာရေး စောင့်ရှောက်မှုကိုကျေးရွာနှင့် (၃)ဖာလုံကွာဝေးသောဝသဲကျေးရွာအုပ်စုနှင့်ရေဦးမြို့**သို့လာရောက်ရပါသည်။** ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေး ပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်း မြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်နိုင်ခြင်း တို့ကြောင့်မြေဆီလွှာ ပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေး အတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်အားနည်း သေးကြောင်း တွေ့ရှိရပါသည်။

(ဇ) ကျား – မ ရေးရာ

ကျား/မဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသားများကဦးဆောင် လေ့ရှိပြီး အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများ လုပ်ကိုင်ရသည့်အပြင် စိုက်ပျိုးရေး လုပ်ငန်း များတွင်လည်း ပါဝင်ဆောင်ရွက်ပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း

၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင် ကြသည်။ ဘာသာရေးအထိမ်းအမှတ်ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများ ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့်တရားပွဲများကျင်းပခြင်း)အမျိုးသမီးများသည်အမျိုးသားနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင်အမျိုးသားများသည်အမျိုးသမီးများထက်လုပ်အားခ ပိုမိုရရှိကြသည်။ဒေသတွင်းအုပ် ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေ သေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာအတွင်းမြေသားလမ်းအားကျောက်ခြောခင်းရန်	ပထမဦးစားပေး
၂	အခြေခံအဆောက်အဦ	ကျေးရွာအဝင်လမ်းကျင်းခင်းရန်(၁/၆)မိုင်	ဒုတိယဦးစားပေး
၃	ကျန်းမာရေး	ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ကျန်းမာရေးေေးခန်းတင်ပြ တောင်းခံရန်	တတိယဦးစားပေး
၄	စိုက်ပျိုးရေး	စိုက်ပျိုးရေအချိန်မီမရ၍ DY-4 လက်တံမှလာသည့်ရေမြောင်း အားမြှင့်တင်ပေးရန်	စတုတ္ထဦးစားပေး
၅			
၆			
၇			

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက်အထောက် အကူဖြစ်စေမည့် ဝိုင်ဆိုင်နေသည်အရင်း အနှီး များ /အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – သီးနှံ					
ရွာတွင်းလမ်း မကောင်းခြင်း	မြေသားလမ်းဖြစ် သည့်အပြင်မိုးကြီး လျှင်ရေကျော်ခြင်း	ကျန်းမာရေး၊ပညာရေးနှင့် ပြည်သူ လူထု သွားလာရေးအဆင်ပြေချောမွေ့ သွားမည် ဖြစ်ပါသည်။	ငွေကြေးမတတ်နိုင်ခြင်း၊ နည်းပညာပံ့ ပိုးမှုအားနည်း ခြင်း	ကျေးလက်ဦးစီးဌာနနှင့်လွတ် တော်ကိုယ်စားလှယ်များတင်ပြ ၍ရွာတွင်းလမ်းအားဆောင်ရွက် ပါမည်။	ကျေးရွာအတွင်းလမ်းပေ(၁၅၀၀)အား ကျောက်ချောခင်းခြင်းကိုပြည်သူမှပစ္စည်း/ လုပ်အားထည့် ဝင်ပြီးကျေးလက် ဦးစီးနှင့်ချိတ် ဆက်၍ဆောင်ရွက်ပါမည်။
ရွာအဝင်ပျက်စီး နေခြင်း	မြေသားလမ်းဖြစ် နေခြင်း	ရေစီးရေလာကောင်းမွန် လာပြီးလမ်း များ ရေကျော် ခြင်းများကင်းဝေး၍ သွားရေးလာရေး ကောင်း မွန်ခြင်း	မြေသားဖြစ်သည့်အတွက်မိုးရာ သီတွင်သွားလာရေး ခက်ခဲခြင်း နှင့် ရေ ထွက်လမ်းပိတ် ဆို့ခြင်း	ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန်	ဆည်မြောင်းဦးစီးဌာနသို့ ရေဆိုး (၂)တံတားတင်ပြ တောင်းခံခြင်း
ကျေးရွာအုပ်စု ချင်းဆက်တံ တား မရှိခြင်း	ချောင်းဖြစ်နေသည့် အ တွက်ရရှိသည့်အချိန်များ တွင်သွားလာရခက်ခဲခြင်း	ပြည်သူများသွားလာရန်လွယ်ကူချေ ာမွေ့လာပြီးလူမှုစီးပွားဘဝဖွံ့ဖြိုး လာပါမည်	တောင်ကျချောင်း ဖြစ်နေ သည့်အ တွက် (၆)လခန့် သွားလာရန်ခက် ခဲခြင်း	ပေ(၆၀)တံတားတည်ဆောက် ပေးနိုင်ပါကပညာရေး၊ကျန်းမာရေး၊ လူမှုစီးပွားရေးများ တိုးတက်လာနိုင်သည်	ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာ ဌာန များနှင့်ချိတ်ဆက်၍ တံတားဆောက်လုပ် ပေးရန် တောင်းခံသွားပါမည်။
ကဏ္ဍ –ပညာရေး					
စာသင်ကျောင်း ဆောင်အပြီးမ	စာသင်ကျောင်းမျက် နှာကျက်နှင့်တံခါး	ကျောင်းသားများစနစ် တကျစာသင် နိုင်ခြင်း၊ပညာရေးတိုးတက်ကောင်း မွန်	စာသင်ကျောင်း အားကိုယ် ထူကိုယ် ထဆောက်လုပ်၍	ကျောင်းဆောင်အားပညာ ရေးဌာနသို့လွှဲပြောင်းပြီး	ကျေးလက်ဦးစီးဌာနမှပညာရေးဌာန သို့ ဆက်လက်တင်ပြတောင်းခံပေးရန်မျက်

ဆောက် နိုင်ခြင်း ရွက်နှင့်အခန်းကန့်
ရန်လို အပ်ခြင်း

လာခြင်း

အပြီးမသတ်နိုင် ခြင်း

ဖြစ်၍လိုအပ်ချက်အား
ထပ်မံတောင်းခံရန်

နှာကျက်(၂၅'x ၁၂၀') အခန်း(၁၂)ခန်း
ကန့်ရန် အုတ် တံခါးပြူတင်း(၁၀/၂၄)ခု

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)/ (အချို့မြို့နယ်များတွင် ၄၈ ဇယား)

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၄	၁၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၈	၂၂	၄၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၃	၁၀	၃၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၉	၂၀	၃၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၆၃	၂၀၉	၃၇၂
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၄	၂၇	၄၁
စုစုပေါင်း		**၂၄၃**	**၂၉၂**	**၅၃၅**
စုစုပေါင်း အိမ်ထောင်စု				**၁၀၄**

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ လိန်တောကျေးရွာ၏ အိမ်ထောင်စုဦးရေမှာ(၁၀၄)ဦးရှိ၍ ကျား(၂၄၃)ဦး၊ (မ)(၃၀၁)ဦး နှင့်စုစုပေါင်းလူဦးရေ(၅၄၄)ဦး နေထိုင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၃	၁၇၀	၅၂	မြင့် √ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၇	၇		မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း	၂၁	၂၁		မြင့် ☐ လတ√ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၉	၉		မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂		မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း			၂၈	မြင့် ☐ လတ်☐ နိမ့် √
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၅		မြင့် ☐ လတ်☐ နိမ့် √
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၁	၈	မြင့် ☐ လတ်√ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂၈	မြင့် ☐ လတ်√ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၅	မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃		၃	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်√ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် √
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၂	၁၂		မြင့် ☐ လတ်☐ နိမ့် √
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၃	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၉	၉		မြင့် ☐ လတ်☐ နိမ့် √
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၃	မြင့် ☐ လတ်☐ နိမ့် √
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ လိန်တောကျေးရွာတွင် သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ရေးတွင်ကိုယ်ပိုင်လုပ်ကိုင်သူ(၇)ဦး၊ လုပ်သားအဖြစ်လုပ်ကိုင်သူ (၂၁)ဦး၊ ယက္ကန်းယက်သူ(၉)ဦး၊ လက်သမား(၁)ဦး၊ ဆိုင်ကယ်ပြုပြင်သူကိုယ်ပိုင်(၁)ဦးနှင့် လုပ်သား(၂)ဦး ၊အလှပြင်၊ အပ်ချုပ်သူ(၃၇)ဦးနှင့် ဈေးသည်(၂)ဦး၊ပို့ဆောင်ရေးလုပ်ကိုင်သူ(၁)ဦး၊ အိမ်ငှားမြေငှားသူ(၃)ဦးနှင့် ပညာရေးဝန်ထမ်း(၇)ဦးတို့ လုပ်ကိုင်ကြပြီး အခြားသူများမှာ အခြားလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၄၀၀၀	၄၀၀၀	၃၀၀၀	၃၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၇၀၀၀	၅၀၀၀	၃၀၀၀	၃၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၆၀၀၀	၆၀၀၀	၅၀၀၀	၅၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၅၀၀၀		၄၀၀၀	
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၅၀၀၀	၃၀၀၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၁၅၀၀၀	၁၅၀၀၀	၁၀၀၀၀	၁၀၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၆၀၀၀	၆၀၀၀	၅၀၀၀	၅၀၀၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာအနေဖြင့် လုပ်ငန်းအမျိုးအစားကို လိုက်၍လုပ်အားခနှုန်းထား

များကိုကျား/မခွဲခြားထားသော်လည်းကွာခြားချက်နည်းကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈၄၅	ကောင်း ☐	သင့်√	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၂	ကောင်း ☐	သင့်√	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စားကျက်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၈၇၇	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာ၏ လယ်မြေ၊ယာမြေများ သည် လယ်မြေဧက(၈၂၇)ဧကနှင့် ယာဧက(၃၂)ဧကရှိပြီး ရေအရင်းအမြစ်မှာ ဆည်မြောင်းမှဆည်ရေအနည်းငယ် သောက်သုံးရေ ရရှိသည့်အတွက်စုစုပေါင်းဧက(၈၅၉)ကေမှာနွေ၊မိုးသီးနှံစိုက်ပျိုး၍ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတ များ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်√ နည်း ☐ မရှိ ☐	လွယ် √ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ √	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာ၏ အရှေ့ဘက်တွင် ချောင်းတည်ရှိနေသည့်အတွက် ဓါတ်သတ္တုနှင့် ပတ်သတ်၍သဲကို လိုအပ်သလိုအသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၅/၁၀	၁၀/၅	၅/၃	၃အောက်/မရှိ
အိမ်အခြေအနေ	RC/နံကပ်/၂ ထပ်	နံ/ပျဉ် ၂/ နံကပ်	သွပ်/ပျဉ် ၂/ ပျဉ် ၁	သွပ်/ကပ် ၂/ တဲ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆန်စက်/ရိတ်စက်၊ ကား	ထော်လာဂျီ	လက်တွန်းထွန်စက်၊ ရေစုတ်စက်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်၊လက်လီ လက်ကား	စိုက်/ရောင်း	ကျေးနှံ
အိမ်ထောင်စု	၂၅	၂၃	၅၅	၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ လိန်တောကျေးရွာတွင်အလွန်အဆင်ပြေသောအိမ်ထောင်စု(၂၅)စု၊အလယ်အလတ်ရှိသောအိမ်ထောင်စု(၂၃)စု၊မပြေလည်သောအိမ်ထောင်စု (၅၅)နှင့် အလွန်အဆင်မပြေသောအိမ်ထောင်စု(၁)စုရှိသဖြင့်စီးပွားရေးအခြေအနေမှာ ၂အချိုးဖြစ် ကြောင်းလေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၈	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = ____၁၈_____
၃ လနှင့် ၆ လကြား	၃၂	အခြားအစာပြောင်းလဲစား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
ဝမ်းစာဖူလုံမှု		အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၃၂_____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၀_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာအနေဖြင့်ချေးငှားခြင်း မရှိဘဲတစ်နေ့နှစ်နပ်စားနိုင်သော အိမ်ထောင်စုမှာ(၄၀)ခန့် ရှိပြီးအခြားအိမ်ထောင်စုများမှာလယ်/ယာစိုက်ပျိုးရေးလုပ်ကိုင်ကြသည့် အတွက်သီးနှံများ မထွက်သေးသည့်အချိန်တွင် ချေးငှားခြင်း လုပ်အားခကြိုယူခြင်း များပြုလုပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၃		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာအနေဖြင့်အိမ်ထောင်စု(၁၀၄)စုတွင် ဆင်းရဲ၍ မိသားစုများသောအမျိုးသမီးနှင့်အမျိုးသားအိမ်ထောင်စုမှာနည်းပါးကြောင်းလေ့လာတွေ့ရှိရ ပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □	လတ် □	နိမ့်□	မရှိ √
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မြင့် □	လတ် □	နိမ့်√	မရှိ □
၃	ရေကြီးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ √
၄	မိုးခေါင်ခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ √
၅	အအေးလွန်ကဲခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ √
၆	မုန်တိုင်း	မြင့် □	လတ် □	နိမ့်□	မရှိ √
၇	ငလျင်	မြင့် □	လတ် □	နိမ့်□	မရှိ √
၈	မီးဘေး	မြင့် □	လတ် □	နိမ့်□	မရှိ √
၉	ဆားငန်ရေဝင်မြေ	မြင့် □	လတ် □	နိမ့်□	မရှိ √
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □	လတ် □	နိမ့်□	မရှိ √
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ √
၁၂	ငှက်ဖျားရောဂါ	မြင့် □	လတ် □	နိမ့်√	မရှိ □
၁၃	တီဘီရောဂါ	မြင့် □	လတ် □	နိမ့်√	မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □	လတ် □	နိမ့်□	မရှိ √
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □	လတ် □	နိမ့်□	မရှိ √
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □	လတ် □	နိမ့်□	မရှိ √
၁၇	လူကုန်ကူးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ √
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □	လတ် □	နိမ့်□	မရှိ √

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာသည်မြို့နှင့်(၁၀)မိုင်ခန့်သာဝေးပြီး ငှက်ဖျားေရာဂါမှာအခြားဒေသသို့သွားရောက်လုပ်ကိုင်သည့်သူများမှပါလာ၍သာရှိခြင်းဖြစ်ပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာအနေဖြင့်ထိခိုက်သက်ရောက်မှု ခံရသူနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဓမ္မစကြီဘ	၁□ ၂□ ၃√		၂၀	၂၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် √ ညံ့ □
၂	ဓမ္မစကူးလ်	၁□ ၂□ ၃√	၂၃	၂၀	၄၃	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး √စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း √ သင့် □ ညံ့ □
၃	လယ်သမား အဖွဲ့	၁√ ၂□ ၃□	၂၀	၅	၂၅	ပညာရေး □ ငွေကြေး √ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး √ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် √ ညံ့ □
၄	ပုညလူငယ် အဖွဲ့အစည်း	၁□ ၂√ ၃□	၁၅	၅	၂၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် √ ညံ့ □
၅		၁□ ၂√ ၃□				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၆		၁□ ၂□ ၃□				ပညာရေး □ ငွေကြေး □	ကောင်း □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာတွင် ဘာသာရေးအနေဖြင့် ခမ္မစကြာအသင်းနှင့် ခမ္မစကူးလိသင်တန်းများရှိကြ၍ ပုညလုလင်လူမှုကူညီရေးတွင် လူငယ်များလူသားချင်း စာနာစိတ်ဖြင့် ရိုင်းပင်းကူညီကြ၍ ဘာသာရေး၊လူမှုရေးဖွံ့ဖြိုးပြီး စိုက်ပျိုးရေးအဓိကထားဆောင်ရွက်သည့်အတွက် သီးနှံဖွံ့ဖြိုးမှုကိုလည်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား(မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact myanmar	၁☐ ၂√ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး √ ကျန်းမာရေး√ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား(မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ အစိုးရမဟုတ်သောအဖွဲ့အစည်း ပြည်တွင်း Pact Myanmar **ရှိပါသည်။**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %
၁	မြေယာမဲ့	၁	
၂	၂.၅ကေအောက်(၁ ဟတ် တာထိ)	၂	
၃	၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ)	၃	
၄	၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ)	၇၃	
၅	၁၂.၅ကေအထက(၅ဟတ်တာနှင့် အထက်)	၂၅	
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၀၄	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လိန်တောကျေးရွာ၏လူဦးရေအများစုမှာတောင်သူကြီးများနှင့်အလယ်အလတ်စားတောင်သူဦးရေ များသည့်အတွက်စားဝတ်နေရေးဖူလုံပါသည်လယ်ကေနည်းပါးသောအိမ်ထောင်စုမှာမိသားစုဦးရေနည်းပါးသည့်အတွက်စားဝတ်နေရေးဖူလုံမှုရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စ	အရင်းအမြစ်	ရေသောက်	ရေရရှိနိုင်မှု

ဦ		(နေ)	တစ်နှစ်ပတ်လုံး/ ရာသီ အလိုက် (မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၈၄၅	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်√မဖြေဆိုပါ□	ရှိ√ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□မဖြေဆိုပါ√	ရှိ□ မရှိ□ မဖြေဆိုပါ √
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□မဖြေဆိုပါ√	ရှိ□ မရှိ□ မဖြေဆိုပါ √
၄	ရေသွင်းမြောင်း	၃၂	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်√မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ √
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□မဖြေဆိုပါ√	ရှိ□ မရှိ□ မဖြေဆိုပါ √
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□မဖြေဆိုပါ√	ရှိ□ မရှိ□ မဖြေဆိုပါ √
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□မဖြေဆိုပါ√	ရှိ□ မရှိ□ မဖြေဆိုပါ √
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□မဖြေဆိုပါ√	ရှိ□ မရှိ□ မဖြေဆိုပါ √

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာ ၏ လယ်မြေ၊ယာမြေများသည် လယ်မြေကေ(၈၄၅)ကေနှင့် ယာကေ(၃၂)ကေရှိပြီး ရေအရင်းအမြစ်မှာ ဆည်မြောင်းမှဆည်ရေအနည်းငယ်ရရှိသည့်အတွက် စုစုပေါင်း ကေ(၈၇၇)ကေမှာ နွေမိုးသီးနှံစိုက်ပျိုးလျှက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်း မျှ	မှ	ထိ		
မိုးစပါး	၈၀၀	တင်း	၅၀	၉၀	၇၀	ဇူလိုင်	အောက်တိုဘာ	မြင့်□ လတ်√ နိမ့်□	မြင့်□ လတ်√ နိမ့်□
နွေစပါး	၇၀၀	တင်း	၄၀	၆၀	၅၀	မတ်	ဇွန်	မြင့်□ လတ်√ နိမ့်□	မြင့်□ လတ်√ နိမ့်□
မြေပဲ	၃၂	တင်း	၈	၁၅	၁၂	အောက်တိုဘာ	ဒီဇင်ဘာ	မြင့်□ လတ်□ နိမ့်√	မြင့်□ လတ်√ နိမ့်□
ကုလားပဲ	၂၀၀	တင်း	၁၀	၂၀	၁၅	နိုဝင်ဘာ	ဇန်နဝါရီ	မြင့်□ လတ်√ နိမ့်□	မြင့်□ လတ်√ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာ၏အဓိကသီးနှံစိုက်ပျိုးမှုမှာ စပါးကိုသာအားထား၍ တစ်ကေ၏ ထွက်နှုန်းမှာ အနည်းဆုံး(၅၀)၊အများဆုံး(၉၀)၊ပျမ်းမျှအားဖြင့် (၇၅)နှုန်းထားထွက်ရှိသဖြင့်သီးနှံထွက်နှုန်းမှာအသင့်အတင့်ရှိပြီး ယာကွက်များတွင် ကုလားပဲ၊မြေပဲများကို ရာသီအလိုက်စိုက်ပျိုးထား ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁			၅၀
လက်တွန်းထွန်စက်	၂၅			၅၀
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်	၁			
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၅၅			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။လိန်တောကျေးရွာသည်စိုက်ပျိုးရေးကိုအခြေခံသည့်ကျေးရွာဖြစ်၍စိုက်ပျိုးရေးသုံးကိရိယာများသည် ကျေးရွာအတွင်းရှိ အိမ်ထောင်စုများပိုင်ဆိုင်မှုကြောင့် အခြားဒေသမှ ငှားရမ်းအသုံးပြုခြင်းမရှိဘဲ လုံလောက်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ√ မဖြေဆိုပါ□**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ√ မဖြေဆိုပါ□**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ □ အသင့်အတင့်ရှိ√ မဖြေဆိုပါ□**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် □ ရသည် √ မဖြေဆိုပါ □**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် □ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် √ မဖြေဆိုပါ □**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် √ မဖြေဆိုပါ □**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် √ မဖြေဆိုပါ □**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်√ မဖြေဆိုပါ □**
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်□ မဖြေဆိုပါ √**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □** **သီးနှံများကို ရောင်းချနိုင်သည် √ မဖြေဆိုပါ □**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာသည် ဆည်ရေမှ စိုက်ပျိုးရေကိုလုံလောက်စွာ ရရှိသည့်အတွက် သီးနှံအထွက် နှုန်းမှာကောင်းမွန်လျက်ရှိပြီး စပါးအပြင်အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးနေသည့်အတွက် စိုက်ပျိုးမြေ ကောင်းမွန်မှုမှာလည်း အတင့်အသင့်ရှိနေသည့်အတွက် သီးနှံထွက်နှုန်းမှာ ကောင်းမွန်လျက်ရှိကြောင်းလေ့လာတွေ့ရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း**√ **ရာသီဥတုမမှန်**□ **မဖြေဆိုပါ** □
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ** √ **လယ်ယာမြေဆုံးရှုံးမှုများသည်** □ **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်** □ **ပလပ်မြေများရှိသည်** □ **ပလပ်မြေအသင့်အတင့်ရှိသည်**□ **မဖြေဆိုပါ** □
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင်** □ **လုံးဝမရ** □ **မဖြေဆိုပါ** √
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်** □ **လုံးဝမရ** □ **မဖြေဆိုပါ** √
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင်** □ **လုံးဝမရ** □ **မဖြေဆိုပါ** √
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင်** □ **လုံးဝမရ** □ **မဖြေဆိုပါ** √
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင်** □ **လုံးဝမရ** □ **မဖြေဆိုပါ** √
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင်** □ **လုံးဝမရ** □ **မဖြေဆိုပါ** √
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင်** □ **လုံးဝမရ** □ **မဖြေဆိုပါ** √
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ** √ **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ** □ **မဖြေဆိုပါ** √
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ** □ **အသင့်အတင့်ကျ** □ **အနည်းငယ်** √ **မဖြေဆိုပါ** □

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာတွင် လယ်/ယာမြေတိုးချဲ့မှုမရှိသည့်အပြင် ဆုံးရှုံးမှုလည်းမရှိပါ။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၈၀	၄၃၉
နို့စားနွား		
ကျွဲ	၂၃	၅၈
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်		
ကြက်	၁	၁
ဘဲ	၇	၇
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိန်တောကျေးရွာတွင် စိုက်ပျိုးရေးကိုသာအဓိကထား၍ ကျွဲ၊နွားများကို သာမွေးမြူကြပြီးဝက်မွေးမြူခြင်း၊ကြက်မွေးမြူခြင်းနှင့်ဘဲမွေးမြူခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဧယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	**ပေါများ** ☐ **အသင့်အတင့်**√ **မဖြေဆိုပါ** ☐
ရေရရှိမှု	**အလုံအလောက်ရနိုင်**√ **အသင့်အတင့်ရနိုင်**☐ **မဖြေဆိုပါ** ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင်** ☐ **မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်**☐ **မဖြေဆိုပါ**√
ချေးငွေ	**ချေးငွေလွယ်ကူစွာရနိုင်**☐ **ချေးငွေ အသင့်အတင့်ရနိုင်**√ **မဖြေဆိုပါ**☐
သွင်းအားစု (**မွေးမြူရေး အစာ၊ဆေးစသည်**)ဈေးကွက်	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည်** ☐ **သွင်းအားစုများ ဝယ်ယူနိုင်သည်** √ **မဖြေဆိုပါ** ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	**နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။** ☐ **နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။** √ **မဖြေဆိုပါ** √
